# Principles of the MNE Declaration

International Labour Organization

## အထွေထွေ မူဝါဒများ

### အစိုးရများအတွက် လမ်းညွှန်စည်းမျဉ်းများ

- အလုပ်သမားရေးရာအုပ်ချုပ်ရေးနှင့် အလုပ်ဆိုင်ရာစစ်ဆေးရေး အုပ်ချုပ်မှုနယ်ပယ်များ ပါဝင်စေလျက် ဆီလျော်သောဥပဒေများနှင့် မူဝါဒများ၊ အစီအမံများနှင့် လုပ်ဆောင်ချက်များတို့ကို လက်ခံလုပ်ဆောင်ခြင်းဖြင့် ကြေညာစာတမ်း၏ ရည်ရွယ်ချက်ပါအတိုင်း အကျိုးပြုစေခြင်း၊ (အပိုဒ်-၃)
- နိုင်ငံစုံအခြေစိုက်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအကြား သာတူညီမျှဆက်ဆံမှု သေချာစေခြင်း။ (အပိုဒ်-၅)
- အခြေခံပြဋ္ဌာန်းချက်များအားလုံးကို လိုက်နာကျင့်သုံးမည့်အကြောင်း လက်မှတ်ရေးထိုးခြင်း၊ (အပိုဒ်-၉)
- မိမိတို့၏ နယ်မြေများအတွင်းနှင့် နိုင်ငံရပ်ခြားတွင် လုပ်ငန်းလည်ပတ်နေသည့် နိုင်ငံစုံအခြေစိုက် စီးပွားရေးလုပ်ငန်းများအကြား ကြေညာစာတမ်းနှင့်အညီဖြစ်သော လူမှု ဆိုင်ရာ အလေ့အကျင့်အား တိုးမြှင့်ခြင်း။ (အပိုဒ်-၁၂)
- လိုအပ်သည့်အခါတိုင်း အခြားသောအစိုးရများ တိုင်ပင်ဆွေးနွေးမှုများ လုပ်ဆောင်ရန် အသင့်ရှိ နေခြင်း။ (အပိုဒ်-၁၂)

### စီးပွားရေးလုပ်ငန်းများအတွက် လမ်းညွှန်စည်းမျဉ်းများ

- နိုင်ငံ၏အချုပ်အခြာအခွင့်အရေးအား လေးစားခြင်းနှင့် ပြည်တွင်းဥပဒေများနှင့် နိုင်ငံတကာ စံသတ်မှတ်ချက်များအား လိုက်နာခြင်း။ (အပိုဒ်-၈)
- အလုပ်၌ရှိရမည့် အခြေခံစည်းမျဉ်းများနှင့် အခွင့်အရေးများအား နားလည်သဘောပေါက် လုပ်ဆောင်ခြင်း (အပိုဒ်-၉)
- လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခြင်းနှင့် စုပေါင်းညှိနှိုင်းအရေးဆိုခြင်း၊ လုပ်ငန်းခွင်ဆက်ဆံရေးနှင့် လူမှုဆိုင်ရာ တွေ့ဆုံပြောဆိုခြင်းတို့ကို ဗဟိုပြုရေးတို့ကို အလေးထားကာ လျော်ကန်သည့် လုံ့လ စိုက်ထုတ်[1] မှုဖြင့် လုပ်ဆောင်ခြင်း။ (အပိုဒ်-၁၀)
- လုပ်ငန်းလည်ပတ်မှုများသည် နိုင်ငံတော်အဆင့်ဖွံ့ဖြိုးတိုးတက်ဆိုင်ရာ ဦးစားပေးအစီအစဉ်များနှင့် ကိုက်ညီလျော်ကန်စေရန် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်း (အပိုဒ်-၁၁)

[1] လျော်ကန်သည့် လုံ့လစိုက်ထုတ်မှု (Due Diligence) ၏ အထွေထွေ ဖော်ပြချက် အား "Guiding Principles on Human Rights : Implementing the United Nations "Protect, Respect and Remedy" Framework တွင်ကြည့်ရှုပါ။

## အလုပ်အကိုင် ခန့်အပ်ခြင်း

- ကုန်ထုတ်စွမ်းအား ပြည့်ဝ၍ လွတ်လပ်စွာရွေးချယ်ကြသည့် အလုပ်အကိုင်ရရှိမှုနှင့် သင့်မြတ်ကောင်းမွန်သောအလုပ်အကိုင်အဖြစ် မြှင့်တင်ပေးသော တက်ကြွသည့် မူဝါဒတစ်ရပ်အား အဓိကပန်းတိုင်အဖြစ်ကြေညာပါ၊ ဖော်ဆောင်လုပ်ဆောင်ပါ (အပိုဒ်-၁၃)
- စနစ်တကျရှိသည့်စီးပွားရေးသို့ ကူးပြောင်းရေးအတွက် လွယ်ကူအဆင်ပြေစေမည့် ပေါင်းစပ်လုပ်ဆောင်နိုင်သော မူဝါဒအလုပ်ဘောင်များ ဖော်ဆောင်လုပ်ကိုင်ခြင်း(အပိုဒ်- ၂၁)
- လူမှုဖူလုံရေးအား တစ်ဆင့်ထက်တစ်ဆင့် ပိုမိုတိုးတက်စေသည့် မဟာဗျူဟာတစ်ရပ်တွင် လူမှုကာကွယ်စောင့်ရှောက်မှုပေးရေးအောက်ခြေအခင်းအကျင်းများ(အခြေခံအာမခံချက်) ထည့်သွင်း တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းလုပ်ဆောင်ခြင်း (အပိုဒ်-၂၂)
- အဓမ္မအလုပ်ခိုင်းစေခြင်းအားဟန့်တားရန်နှင့် ပပျောက်စေရန် ထိရောက်သော စီမံဆောင်ရွက်မှုများ လုပ်ဆောင်ပေးခြင်း၊ ခံစားရသူအားဆီလျော်သော ကုစားမှုရရှိစေရေး အခွင့်အလမ်း ဖော်ဆောင်ပေးခြင်း၊ နိုင်ငံတော်အဆင့်မူဝါဒတစ်ရပ်နှင့် လုပ်ငန်းအစီအမံအား ဖော်ဆောင်ပေးခြင်း၊ အလုပ်ရှင်များအား လမ်းညွှန်မှုနှင့် ပံ့ပိုးမှုပေးခြင်း (အပိုဒ်-၂၃-၂၄)
- ကလေးအလုပ်သမား ထိရောက်စွာ ဖျက်သိမ်းရေးအား သေချာစေသည့် နိုင်ငံတော်အဆင့်မူဝါဒတစ်ရပ်ဖော်ဆောင်ခြင်း၊ အပူတပြင်းလုပ်ဆောင်ရမည့်ကိစ္စတစ်ရပ်အဖြစ် အဆိုးရွားဆုံးသော ကလေးအလုပ်သမား ခိုင်းစေမှုများတားမြစ်ရေးနှင့် ပပျောက်ရေးအား သေချာစေသည့် ချက်ချင်းလုပ်ဆောင်ရမည့် အစီအမံများလုပ်ဆောင်ခြင်း၊ အလုပ်ခွင်ဝင်ရောက်နိုင်သည့် အငယ်ဆုံးအသက်သတ်မှတ်ချက်အား တစ်ဆင့်ထက်တစ်ဆင့်တိုးမြှင့်စေခြင်း၊ (အပိုဒ်-၂၆)
- လူမျိုး၊ အသားအရောင်၊ လိင်ကွဲပြားမှု၊ ကိုးကွယ် သည့်ဘာသာ၊ နိုင်ငံရေးအမြင်၊ မျိုးရိုးသို့မဟုတ် လူမှုကွဲပြားခြားနားမှုတို့အပေါ် အခြေခံသည့် မည်သည့်ခွဲခြားဆက်ဆံခြင်းကိုမဆို ပပျောက်စေရေးအမြင်ဖြင့် အလုပ်ခန့်အပ်မှုတွင် ညီမျှသော အခွင့်အလမ်းနှင့် ဆက်ဆံရေး အနေအထားရရှိစေမည့် မူဝါဒများအား လုပ်ဆောင်ပေးခြင်း၊၊ (အပိုဒ်-၂၈)
- တန်ဘိုးတူအလုပ်အတွက် ကျား၊ မ အလုပ်သမားတို့အား တူညီသော လုပ်ခ၊ ဝန်ဆောင်ခ ရရှိရေး တိုးမြှင့်လုပ်ဆောင်ပေးခြင်း၊ (အပိုဒ်-၂၉)
- နိုင်ငံစုံအခြေစိုက်စီးပွားရေးလုပ်ငန်းများအား ခွဲခြားဆက်ဆံနိုင်ရန် အားပေးအားမြှောက် မပြုခြင်း၊ လိုအပ်သည့်အခါတိုင်း ခွဲခြားဆက်ဆံမှုရှောင်ရှားရေးအတွက် လမ်းညွှန်ချက်ပေးခြင်း၊ (အပိုဒ်-၃၁)
- လုပ်ငန်းကဏ္ဍစုံရှိနိုင်ငံစုံအခြေစိုက်စီးပွားရေးလုပ်ငန်းများ၏သက်ရောက်မှုအားလေ့လာခြင်း၊ (အပိုဒ်-၃၂)
- နိုင်ငံစုံအခြေစိုက်၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းကာ အလုပ်ပြီးဆုံးသွားသော အလုပ်သမားများအတွက် ဝင်ငွေကာကွယ်စောင့်ရှောက်မှုပံ့ပိုးခြင်း (အပိုဒ် -၃၆)
- အစိုးရများ၏ အလုပ်အကိုင်ဆိုင်ရာမူဝါဒများနှင့် ရည်ရွယ်ချက်များအား အလေးထားကာ အလုပ်အကိုင်အခွင့်အလမ်းနှင့် စံသတ်မှတ်ချက်များ မြှင့်မားစေရေးအတွက် အားထုတ်ခြင်း (အပိုဒ်-၁၆)
- အလုပ်အကိုင်ခန့်အပ်မှုဆိုင်ရာစီမံချက်များအား လက်တွေ့ကျနိုင်သရွေ့ နိုင်ငံတော်အဆင့် လူမှုဖွံ့ဖြိုးတိုးတက်မှု မူဝါဒများနှင့် သဟဇာတဖြစ်စေရန် လုပ်ငန်းမလည်ပတ်မီ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ (အပိုဒ်-၁၇)
- ဆိုက်ရောက်နိုင်ငံ၏ နိုင်ငံသားများအတွက် အလုပ်အကိုင်ရရှိမှု၊ သက်မွေးပညာဖွံ့ဖြိုးတိုးတက်မှု၊ တိုးတက်မြှင့်မားမှုတို့ကို ဦးစားပေးခြင်း၊ (အပိုဒ်-၁၈)
- အလုပ်အကိုင်ရရှိမှုကို တိုက်ရိုက်နှင့် သွယ်ဝိုက်ဖြစ်ပေါ်စေသော နည်းပညာများအား အသုံးပြုခြင်း၊ ဆီလျော်သောနည်းပညာဖွံ့ဖြိုးရေးတွင် ပါဝင်စေခြင်းနှင့် ဆိုက်ရောက်နိုင်ငံ၏လိုအပ်ချက်များနှင့် ဝိသေသအလိုက် ပြင်ဆင်ညှိဆခြင်း၊ (အပိုဒ်-၁၉)
- ပြည်တွင်းသွင်းအားစုများကို အရင်းအမြစ်ပြုကာ ကုန်ကြမ်းပစ္စည်းများပြည်တွင်း မွမ်းမံမှုလုပ်ငန်းစဉ်ကို တိုးမြှင့်ခြင်းနှင့် အစိတ်အပိုင်းများနှင့် ပစ္စည်းကရိယာအား ပြည်တွင်းတွင် ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်မှုများအား တည်ဆောက်ခြင်း၊ (အပိုဒ်-၂၀)
- စနစ်ကျနသော စီးပွားရေးသို့ ကူးပြောင်းရေးတွင် ပါဝင်ခြင်း၊ (အပိုဒ်-၂၁)
- အများပြည်သူဆိုင်ရာ လူမှုဖူလုံရေးစနစ်များ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်စွက်ကူညီခြင်း၊ (အပိုဒ် -၂၂)
- မိမိတို့၏လုပ်ငန်းလည်ပတ်မှုများတွင် အဓမ္မအလုပ်ခိုင်းစေမှုအားတားမြစ်ရေးနှင့် ပပျောက်ရေးအတွက်ချက်ချင်းလုပ်ဆောင်နိုင်မည့် လုံခြုံထိရောက်သည့် အစီအမံများထားရှိခြင်း၊ (အပိုဒ်- ၂၅)
- အလုပ်ခွင်ဝင်ရောက်သည့် အငယ်ဆုံးအသက် တိုးမြှင့်သတ်မှတ်ချက်အား လေးစားခြင်း၊ အဆိုးရွားဆုံးသော ကလေးအလုပ်သမားခိုင်းစေမှုများတားမြစ်ရေးနှင့် ပပျောက်ရေးအတွက် ချက်ချင်းလုပ်ဆောင်နိုင်မည့် လုံခြုံထိရောက်သည့် အစီအမံများ ထားရှိခြင်း ၊ (အပိုဒ်-၂၇)
- ခွဲခြားဆက်ဆံမှုမရှိရေးစည်းမျဉ်းများ၏ လမ်းညွှန်မှုကို ခံယူခြင်း၊ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံတို့အား ဝန်ထမ်းများ၏ အလုပ်ခန့်အပ်မှု၊ နေရာချထားမှု၊ သင်တန်းရရှိမှုနှင့် တိုးတက်မှုတို့အတွက် အခြေခံဖြစ်စေခြင်း၊ (အပိုဒ်-၃၀)
- အလုပ်သမားများ၏အလုပ်တည်ငြိမ်ရေးအတွက်အားထုတ်ခြင်း၊ အလုပ်အကိုင်တည်ငြိမ်ရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ လွတ်လပ်စွာညှိနှိုင်းသော လုပ်ဆောင်မှုမျိုး ဆောင်ကျဉ်းပေးခြင်း၊ လုပ်ငန်းလည်ပတ်မှု အပြောင်းအလဲအား အသိပေးခြင်း၊ တစ်ဘက်သတ် အလုပ်ရပ်စဲခြင်းအား ရှောင်ကျဉ်ခြင်းတို့ဖြင့် အလုပ်အကိုင်တည်မြဲရေးအား တိုးမြှင့်လုပ်ဆောင်ခြင်း၊ (အပိုဒ်-၃၃၊၃၄)

| | အစိုးရများအတွက် လမ်းညွှန်စည်းမျဉ်းများ | စီးပွားရေးလုပ်ငန်းများအတွက် လမ်းညွှန်စည်းမျဉ်းများ |
| --- | --- | --- |
| သင်တန်းပို့ချခြင်း | ▪ သက်ဆိုင်ရာအဖွဲ့များနှင့်ပူးပေါင်းကာ အလုပ်အကိုင်ရရှိမှုနှင့် နီးကပ်စွာ ချိတ်ဆက်နေသော သက်မွေးဝမ်းကြောင်းဆိုင်ရာသင်တန်းနှင့် လမ်းညွှန်ချက်များဆိုင်ရာ နိုင်ငံတော်အဆင့် မူဝါဒများ ဖော်ထုတ်ခြင်း။ (အပိုဒ်-၃၇) | ▪ အဆင့်အသီးသီးအလိုက် ခန့်အပ်ထားသည့် အလုပ်သမားများအား စီးပွားရေးလုပ်ငန်းနှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများအရ လိုအပ်ချက်များ ပြည့်မီရန် သင်တန်းပေးခြင်း၊ (အပိုဒ်-၃၈)<br>▪ ကျွမ်းကျင်မှုပုံဖော်ခြင်း၊ ဘဝတစ်သက်တာသင်တန်းနှင့် ဖွံ့ဖြိုးတိုးတက်စေရေးကို အားပေးသော၊ သက်မွေးဝမ်းကြောင်းသင်တန်းရရှိစေသော ဦးတည်ချက်များပါရှိသည့်အစီအစဉ်များတွင် ပါဝင်ခြင်းနှင့် ကျွမ်းကျင်ဝန်ထမ်းအင်အား အဆင်သင့်ရှိစေခြင်း (အပိုဒ်-၃၉)<br>▪ စီးပွားရေးလုပ်ငန်းများအတွင်း ပြည်တွင်းစီမံအုပ်ချုပ်ရေး အတွေ့အကြုံပိုမိုရရှိစေသည့် အခွင့်အလမ်းများ ရရှိစေခြင်း (အပိုဒ်-၄၀) |
| ဘဝနှင့် အလုပ်အခြေအနေ | ▪ နိုင်ငံစုံအခြေစိုက်စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းလုပ်ဆောင်မှုတွင် ဝင်ငွေနည်းပါးသူ အုပ်စုများနှင့် ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေသည့် နေရာများ၌ ဖြစ်နိုင်သရွေ့အကျိုးသက်ရောက်မှု ရှိစေသည့် သင့်လျော်သောအစီအမံများ လုပ်ဆောင်နိုင်ရန် အားထုတ်ခြင်း။(အပိုဒ်-၄၂)<br>▪ နိုင်ငံစုံအခြေစိုက်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများတို့သည် လုံလောက်သည့် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများအတိုင်း ဖြည့်ဆည်းစေရန်၊ လုပ်ငန်းခွင်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် လုံခြုံစိတ်ချမှုတည်ဆောက်နိုင်ရေး အလေးပေးထားသည့် ဆောင်ရွက်ချက်အဆင့်ဆင့်ပါဝင်သော ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးအတွက် လုပ်ဆောင်စေရန်၊ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာ သို့မဟုတ် ရောဂါခံစားရသူများအား နစ်နာမှုလျော်ကြေးရရှိရေးတို့ သေချာစေခြင်း၊ (အပိုဒ်-၄၃) | ▪ အိမ်ရှင်နိုင်ငံအတွင်းရှိ အခြားနှိုင်းယှဉ်နိုင်သော အလုပ်ရှင်များမှ အလုပ်သမားများအား ပေးသည့်အတိုင်းအတာထက်မနည်းသော လုပ်ခ၊ ခံစားခွင့်များနှင့် လုပ်ငန်းခွင်အခြေအနေများ မိမိတို့ လုပ်ငန်းလည်ပတ်မှုအားလုံးတွင် ပေးအပ်ခြင်း။(အပိုဒ်-၄၁)<br>▪ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အမြင့်ဆုံးသော စံသတ်မှတ်ချက်များ ထိန်းသိမ်းထားခြင်း၊ အထူးဂရုစိုက်ရမည့်ဘေးအန္တရာယ်များ၊ ထုတ်ကုန်အသစ်များနှင့်နည်းလမ်းစဉ်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး အစီအမံများအား သိရှိစေခြင်း။ ကုန်ထုတ်လုပ်မှုဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော အကြောင်းရင်းခံများအား စစ်ဆေးကြပ်မတ်ရေးအတွက် ဦးဆောင်အခန်းမှ နေခြင်း၊ (အပိုဒ်-၄၄)<br>▪ နိုင်ငံတကာနှင့် ပြည်တွင်းရှိ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအဖွဲ့အစည်းများ၊ နိုင်ငံတွင်းမှ အာဏာပိုင်အဖွဲ့အစည်းများ၊ အလုပ်သမားများနှင့် သူတို့၏အဖွဲ့အစည်းများနှင့် ပူးပေါင်းခြင်း။ အလုပ်သမားများကိုယ်စားလှယ်များနှင့် သဘောတူညီထားသည့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များ အားပေါင်းစပ်ပေးခြင်း၊ (အပိုဒ် - ၄၅၊၄၆) |

## လုပ်ငန်းခွင် ဆက်ဆံရေး

- နိုင်ငံစုံအခြေစိုက် စီးပွားရေးလုပ်ငန်းများသည် ပြဋ္ဌာန်းချက်အမှတ်-၈၇၊ အပိုဒ် ၅ ပါ စည်းမျဉ်းများကို အရေးကြီးသည့်အမြင်ဖြင့်ရှုမြင်ပြီး စီးပွားရေးလုပ်ငန်းများ သို့မဟုတ် အလုပ်သမားများအား ကိုယ်စားပြုသည့် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ ကိုယ်ပိုင်ရွေးချယ်သည့် နိုင်ငံတကာ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်းကို ခွင့်ပြုခြင်းဖြင့် လက်တွေ့ ကျင့်သုံးခြင်း။ (အပိုဒ်-၅၁)
- နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအား ဆွဲဆောင်သည့်မက်လုံးပေးမှုများတွင် အလုပ်သမားများ၏ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခြင်းနှင့် စုပေါင်းညှိနှိုင်းတောင်းဆိုခွင့်အတွက် မည်သည့် အဟန့်အတားမျှ မပါဝင်စေခြင်း။ (အပိုဒ်-၅၂)
- တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ သို့မဟုတ် အလုပ်သမားများအနေဖြင့် မိမိတို့၏ အခွင့်အရေးများချိုးဖောက်ခံရခြင်းအတွက်ကုစားမှုရယူနိုင်သည့်အခြားသင့်လျော်သည့်နည်းလမ်းများ ရှိနေစေရန်သေချာစေခြင်း။ (အပိုဒ်- ၆၄)
- လုပ်ငန်းခွင် အငြင်းပွားမှုများ တားဆီးကာကွယ်ရေးနှင့် ဖြေရှင်းရေးအား အထောက်အကူပြုသည့် ဖျန်ဖြေရေးနှင့် ခုံသမာဓိစီရင်ရေးယန္တရားအခမဲ့ရရှိရန် သေချာစေခြင်း။ (အပိုဒ်-၆၇)
- လုပ်ငန်းလည်ပတ်မှုအစဉ်တန်းတစ်လျှောက်လုံးတွင် လုပ်ငန်းခွင် ဆက်ဆံရေး၏ စံချိန်စံညွှန်းအား စောင့်ကြည့်လေ့လာခြင်း။ (အပိုဒ်-၄၇)
- လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခြင်းနှင့် စုပေါင်းညှိနှိုင်းတောင်းဆိုခွင့် အားလေးစားခြင်း၊ အဓိပ္ပါယ်ပြည့်ဝသည့် ညှိနှိုင်းမှုဖြစ်စေရေးအတွက် အကူအညီနှင့် လိုအပ်သည့် သတင်းအချက်အလက်ပေးခြင်း။ (အပိုဒ်-၆၁)
- ကိုယ်စားပြုအလုပ်သမားအဖွဲ့အစည်းများအား ပံ့ပိုးကူညီခြင်း၊ (အပိုဒ်-၅၈)
- နစ်နာကြောင်း စိုးရိမ်မှုသည့် ကိစ္စရပ်များအပေါ် ပုံမှန်ညှိနှိုင်းဆွေးနွေးနိုင်ရန် လုပ်ဆောင်ပေးခြင်း၊ (အပိုဒ်-၆၃)
- ထိရောက်သည့်ဖေးမကူညီမှုပေးနိုင်ရန် စီးပွားရေးမိတ်ဖက်များအား အားပေးသည့် ကုတ်/ကန် အားစနစ် (Leverage) ကျင့်သုံးခြင်း ၊ (အပိုဒ်-၆၅)
- လျှော်ကန်သည့်ကျင့်ထုံးတစ်ရပ်နှင့်အညီ အလုပ်သမား(များ)၏ မကျေနပ်ချက်၊ နစ်နာချက်တို့ကို စစ်ဆေးခြင်း။ (အပိုဒ်-၆၆)
- ဖျန်ဖြေရေးနှင့် ခုံသမာဓိစီရင်ရေး ယန္တရားတစ်ရပ်အား အလုပ်သမားများ၏ ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များနှင့်အတူတကွ ဖော်ဆောင်ရန်ကြိုးပမ်းခြင်း။ (အပိုဒ်-၆၈)



ဤစာစောင်အား ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ထုတ်ဝေရေးအတွက် ဥပရောပသမဂ္ဂ (European Union) မှ ရန်ပုံငွေ ပံ့ပိုးပါသည်။